ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၄/၂၀၁၈)

| | |
|---|---|
| Mr. Kim Chul Min (အလုပ်ရှင်)၊<br>ဦးအောင်မျိုးကျော် (HR Manager)<br>(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>CMF Myanmar-2 Co., Ltd. (အိတ်ချုပ်စက်ရုံ)<br>အမှတ် (၁၄၀)၊ မင်းဧရာလမ်း၊<br>ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်မျိုးမျိုးလွင်<br>ကိုမိုးအဆောင်၊ ဗညားဒလလမ်း၊ (၇)ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ၁၇ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်၊ မင်းဧရာလမ်း၊ အမှတ် (၁၄၀)ရှိ Mr. Kim Chul Min (အလုပ်ရှင်)၊ CMF Myanmar-2 (အိတ်ချုပ်စက်ရုံ)နှင့် အလုပ်သမား ဒေါ်မျိုးမျိုးလွင်တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၈၀/၂၀၁၈) အရ ကြားနာ စစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ Mr. Kim Chul Min (အလုပ်ရှင်) ထံတွင် တောင်းဆိုသူ အလုပ်သမား ဒေါ်မျိုးမျိုးလွင်က အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်ရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်မှ အောက်ပါကောက်ချက်အမှတ် (၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်မျိုးမျိုးလွင်အား နစ်နာကြေးရထိုက်/မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်မျိုးမျိုးလွင်အား နေ့စားလုပ်အားခ ၄၈၀၀ိ/-နှုန်းဖြင့် နို့တစ်ကြေးတစ်လစာ ၁၄၄၀၀၀ိ/-နှင့် အလုပ်ရစ်စဲမှုနစ်နာကြေး ၇၂၀၀၀ိ/- စုစုပေါင်း ၂၁၆၀၀၀ိ/- (ကျပ်နှစ်သိန်းတစ်သောင်းခြောက်ထောင်တိတိ)အား ထုတ်ပေးရန်ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၈၀/၂၀၁၈) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၈)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၅၄/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးလှထွန်းခိုင်၊ အလုပ်သမား ကိုယ်စားလှယ် ဦးမောင်မောင်အေးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ လျှောက်ထားသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်မျိုးမျိုးလွင်အား နစ်နာကြေးရထိုက်/မရထိုက်။

**စစ်ဆေးတွေ့ရှိချက်**

၆။ သတ်မှတ်ထားသော (၁၇-၇-၂၀၁၈) ရက်နေ့တွင် အလုပ်ရှင် Mr. Kim Chul Min ကိုယ်စား ဦးအောင်မျိုးကျော် (HR Manager)နှင့် ဒေါ်မြဒါလီ (မန်နေဂျာ) တို့လာရောက်ခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်ထွက်ဆိုခဲ့ပါသည်။ ထို့အတူ အလုပ်သမား ဒေါ်မျိုးမျိုးလွင် (စက်ချုပ်လုပ်သား) မှလည်း ဖြစ်စဉ်နှင့်ပတ်သက်၍ တုန့်ပြန်ရှင်းလင်းထွက်ဆိုခဲ့ပါသည်။

၇။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် အဆိုပါအငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အတွက် ၎င်းအလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့အား ဆန္ဒခံယူ၍ မိမိခုံအဖွဲ့၏ ဥပဒေနှင့် အညီဖြေရှင်းဆောင်ရွက်နိုင်ရန် သဘောတူညီမှုရရှိပြီးနောက် အမှုဖြစ်စဉ်များကို စိစစ်ဆောင်ရွက်ခဲ့ ပါသည်။ ဤအမှုသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ (၁-၆-၂၀၁၈) ရက်စွဲပါ စာအမှတ် ၄၃/ အလ/ခွဲ(၂)၂၀၁၈(၆၇၆၅) ဖြင့် တစ်ဦးချင်းအငြင်းပွားမှုကို စီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ လျှောက်ထားနိုင်ပြီး လက်ခံကြားနာစစ်ဆေးခြင်းမပြုရန် အကြောင်း ကြားစာမထုတ်ပြန်မီက အမှုဖြစ်ကြောင်း စစ်ဆေး တွေ့ရှိရသည်။

၈။ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးမူလဥပဒေတွင် ပြဋ္ဌာန်း ထားချက်အား သုံးသပ်ယူဆနေကြသောအချက်နှင့်ပတ်သက်၍ ခုံအဖွဲ့က သုံးသပ်သည်မှာ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ အခန်း (၆) အငြင်းပွားမှုအား ဖြေရှင်းခြင်း ခေါင်းစဉ်အောက်ရှိ ဥပဒေပုဒ်မ ၂၃ ၌ အလုပ်ရှင် သို့မဟုတ် အလုပ်သမား တစ်ဖက် ဖက်သည် မိမိ၏ နစ်နာချက်နှင့် စပ်လျဉ်း၍ တစ်ဦးချင်းအငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သို့ တိုင်ကြားနိုင်ပြီး အဆိုပါအဖွဲ့က သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖျန်ဖြေပေးမှုကို မကျေနပ်ပါ က မကျေနပ်သူသည် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ် ဖြင့်ဖြစ်စေ၊ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း ခုံအဖွဲ့က လေ့လာစိစစ်တွေ့ရှိရ၍ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်တို့၏ အကျိုးစီးပွား များကို အမှုဖြစ်ပွား၍ ထိခိုက်နစ်နာစေခြင်းများကို ပြေငြိမ်းစေရေးကို ရှေးရှုပြီး ဤအမှုကို ခုံသမာဓိကောင်စီ ခုံအဖွဲ့သည် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့၏ သဘောတူလက်ခံမှုကို ရယူပြီးနောက် စစ်ဆေးဆောင်ရွက် ခဲ့ပါသည်။

၉။ သို့ဖြစ်ရာ အလုပ်ရှင်၏ကိုယ်စား HR Manager ဦးအောင်မျိုးကျော်၏ ထွက်ဆိုချက်အရ လုပ်ငန်းခွင်အတွင်း လှည့်လည်သွားလာ၍ (ထုတ်လုပ်မှုလိုင်းအတွင်း) အခြားလူများနှင့် စကား ပြောဆို၍ အနှောင့်အယှက်ပြုနေသော စက်ချုပ်လုပ်သား ဒေါ်မျိုးမျိုးလွင်သည် လုပ်ငန်းခွင် အတွင်း အကြိမ်ကြိမ် သတိပေးဆိုဆုံးမသည်ကို မလိုက်နာ၍လည်းကောင်း၊ အလုပ်ပျက်ရက်များ အတွက် ခွင့်ဝန်ကတိလက်မှတ်ထိုးခိုင်းသည်များကို လိုက်နာဆောင်ရွက်ခြင်း မရှိ၍လည်းကောင်း၊ အခြားသော လုပ်သားများမှ ဒေါ်မျိုးမျိုးလွင်ကဲ့သို့ ပြုမူဆောင်ရွက်ခဲ့ပါလျှင် စီမံခန့်ခွဲရေးနှင့် ကုန်ထုတ်လုပ်ရေးများကို ထိခိုက်လာနိုင်သည့်အတွက် ၎င်းအား အလုပ်မှသတ်မှတ်ထားသည့်

စည်းမျဉ်း၊ စည်းကမ်းများကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ခြင်းများအရ ရပ်စဲခဲ့ရခြင်းဖြစ်ပါကြောင်းနှင့် လစာကျန်ငွေများကိုလည်း ယနေ့တိုင် ထုတ်ယူမှုမရှိ၍ မိမိတို့အနေဖြင့် ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

၁၀။ အလုပ်သမား ဒေါ်မျိုးမျိုးလွင်အနေဖြင့် ယခုစက်ရုံလုပ်ငန်းခွင်အတွင်းသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန်အခြေအနေမရှိတော့၍ မိမိခံစားခွင့် ခံစားထိုက်သော ရပိုင်ခွင့်များကို ဥပဒေနှင့်အညီ ခံစားခွင့်ပြုနိုင်ရေးအတွက် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၁၁။ ခုံသမာဓိကောင်စီ ခုံအဖွဲ့သည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့၏ အငြင်းပွားမှုမှ ပေါ်ပေါက်လာသော အမှုဖြစ်စဉ်ကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ အဆင့်ဆင့်တို့မှ ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်များသည် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်ခဲ့သော်လည်း၊ အလုပ်ရှင်မှ ကျေနပ်မှုမရှိ၍ အလုပ်သမားအား နို့တစ်ကြေးနှင့် ခံစားခွင့်များမပေးနိုင်ကြောင်း ထွက်ဆိုခဲ့ပါသည်။ သို့သော်လူမှုရေးအရ အထောက်အပံ့ဖြစ်စေမည့် ခံစားခွင့်များကို ပေးအပ်နိုင်ပါကြောင်း ထွက်ဆိုခဲ့သည့်ဖြစ်၍ ဤအမှုဖြစ်စဉ်ကို သုံးသပ်ရာတွင် အလုပ်ရှင်၏လုပ်ငန်းခွင်အတွင်း ဒေါ်မျိုးမျိုးလွင်၏ နေထိုင်ပြုမူပြောဆိုပုံနှင့်ပတ်သက်၍ နှစ်သက်မှုမရှိဟု သတ်မှတ်ထားပြီး ဒေါ်မျိုးမျိုးလွင်၏ ပြုမူချက်အတိုင်း အခြားသောလုပ်သားများက အတုယူဆောင်ရွက်ခဲ့ပါလျှင် လုပ်ငန်းခွင်အတွင်း မကြာခဏ အငြင်းပွားဖွယ်ရာဖြစ်ရပ်များ ပေါ်ပေါက်လာစေပြီး ကုန်ထုတ်လုပ်မှုကျဆင်းစေနိုင်သည့်အထိ လုပ်ငန်းခွင်မတည်ငြိမ်မှုကို အားပေးရာရောက်သဖြင့် အလုပ်ရှင်၏ဆန္ဒအရ ခံစားခွင့်တစ်စုံတစ်ရာမပေးဘဲ အလုပ်မှထုတ်ပယ်သည်ကို မိမိတို့အနေဖြင့် လက်မခံနိုင်သော်လည်း အလုပ်သမား၏ ဘဝရပ်တည်ရေးအတွက် လူမှုရေးအထောက်အပံ့တစ်ရပ် ပေးအပ်လိုမှုကို စာနာအသိအမှတ်ပြုရန် လိုအပ်ကြောင်း သုံးသပ်ပါသည်။ သို့ဖြစ်၍ အလုပ်ရှင်အနေဖြင့် အလုပ်သမားဒေါ်မျိုးမျိုးလွင်အား လူမှုရေးအထောက်အပံ့ ခံစားခွင့်အနေဖြင့် ၂၁၀,၀၀၀/- (ကျပ်နှစ်သိန်းတစ်သောင်းတိတိ) အား ခံစားခွင့်ပြုရန်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်သင့်ကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ အလုပ်သမား ဒေါ်မျိုးမျိုးလွင်အား လုပ်မှုရေးအရ အထောက်အပံ့ ၂၁၀,၀၀၀/- (ကျပ်နှစ်သိန်းတစ်သောင်းတိတိ) အားအလုပ်ရှင်မှပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၂။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးလှထွန်းခိုင် | ဦးသောင်းစိန် | ဦးမောင်မောင်အေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |